လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (ဌာနချုပ်)

DEMOCRATIC PARTY FOR A NEW SOCIETY (H.Q)

## **(SNLD)** ဥက္ကဌ ၊ အတွင်းရေးမှူး နှင့်ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) နာယက တို့အား နှစ်ရှည်ထောင်ဒဏ်များ ချမှတ်ခြင်းအပေါ် ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချခြင်း

(SNLD) ဥက္ကဌ ခွန်ထွန်းဦး၊ အတွင်းရေးမှူး စိုင်းညွန့်လွင် နှင့် ရှမ်းပြည်တပ်မတော် (မြောက်ပိုင်း) နာယက ဗိုလ်ချုပ်ဆေထင် တို့ကို နှစ်ရှည် ထောင်ဒဏ် များချမှတ်လိုက်သည့် သတင်းကို ကြားသိရပါသည်။

ယခုကဲ့သို့ နှစ်ရှည်ထောင်ဒဏ်များချမှတ်လိုက်သည့် လုပ်ရပ်ကို ကျွန်တော်တို့ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီက ပြင်းထန်စွာရှုတ်ချကန့်ကွက်ပါသည်။

ဤဖြစ်ရပ်က (နအဖ)စစ်အစိုးရ၏ ရန်ငြိုးအာဃာတကြီးမားမှုနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးပြုလုပ်လိုစိတ်မရှိကြောင်းကို အရှင်းလင်းဆုံးဖေါ်ပြနေပါသည်။

(နအဖ)စစ်အစိုးရ၏ ယခုကဲ့သို့ဖြေရှင်းဆောင်ရွက်မှုများသည် တိုင်းပြည်အတွက် ပြင်းထန်ဆိုးဝါးသော အကျိုးဆက်များကိုသာ ဆက်လက်ဖြစ်ပေါ်စေပါလိမ့်မည်။

ဗဟိုကော်မတီ
လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ(ဌာနချုပ်)
၂၀၀၅ ခုနှစ်၊ နိုဝင်ဘာလ (၅) ရက်။

P.O Box 50, Mae Sod, Tak Province, 63110 Thailand. Tel/ Fax; 055 546 581